


# UI လျှောက်ထားခြင်း

## အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များ

### အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များကို မည်သူတို့ လက်ခံရရှိနိုင်သနည်း။

နယူးယောက်ပြည်နယ်တွင် သင်အလုပ်လုပ်ပါက အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များ
ကို လက်ခံရရှိရန် သင် အရည်အချင်းပြည့်မီကောင်း ပြည့်မီနိုင်သည်။ သင်သည် အောက်ပါတို့နှင့် ပြည့်စုံရမည်ဖြစ်သည်-

- သင်၏ အမှား
ကြောင့်မဟုတ်ဘဲ အလုပ်အကိုင်ဆုံးရှုံးထားသည်
- တောင်းဆိုမှုကို သက်သေထူရန်အတွက် အလုပ်အကိုင်မှ ယခင်ရရှိထားသော
ဝင်ငွေ အလုံအလောက်ရှိသည်
- အလုပ်ချက်ချင်း လုပ်ကိုင်နိုင်ရန်အတွက် အသင့်ရှိ၊ ဆန္ဒရှိပြီး လုပ်ကိုင်နိုင်သည်
- တက်ကြွစွာ အလုပ်ရှာဖွေလျက်ရှိပြီး သင်၏ အားထုတ်မှုများ၏ မှတ်တမ်း(အွန်လိုင်း သို့မဟုတ် စာဖြင့်) ကို ထားရှိသည်

သင် အရည်အချင်းပြည့်မီခြင်းရှိမရှိ မသေချာပါကလည်း တတ်နိုင်သမျှ အမြန်ဆုံး လျှောက်ထားသင့်သသည်။ သင် အရည်အချင်းပြည့်မီမှုရှိမရှိကို ကျွန်ုပ်တို့ အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ အရည်အချင်းပြည့်မီမှုနှင့်ပတ်သက်သည့် နောက်ထပ် သတင်းအချက်အလက်များအတွက် ကျွန်ုပ်တို့၏ တောင်းဆိုသူ လက်စွဲစာအုပ်ရှိ အခန်း
2 ကို **dol.ny.gov/unemployment-insurance-claimant-handbook** တွင်ကြည့်ရှုပေးပါ။

### အကျိုးခံစားခွင့်များအတွက် မည်သို့ လျှောက်ထားရမည်နည်း။

အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်များ လျှောက်ထားရန်အတွက် အမြန်ဆုံးနှင့် လုံခြုံစိတ်ချရမှုအရှိဆုံးနည်းလမ်းမှာ **https://unemployment.labor.ny.gov** ရှိ ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်ပေါ် မှဖြစ်သည်။

NY.gov ID တစ်ခုကို သင်အသုံးပြုရန် လိုအပ်လိမ့်မည်။ NY.gov ID တစ်ခုကို ဖန်တီးရန်အတွက် လမ်းညွှန်ချက်များမှာ လော့ဂ်အင် စာမျက်နှာပေါ်တွင်ရှိပါသည်။ သင်၏ NY.gov ID ကို ဖန်တီးရန်ဖြစ်စေ၊ ဝင်ရောက်အသုံးပြုရန်ဖြစ်စေ အခက်အခဲရှိနေပါက လော့ဂ်အင် စာမျက်နှာပေါ်တွင်ရှိသည့် ညွှန်ကြားချက်များကို ကြည့်ပါ၊ NY.gov မေးလေ့ရှိသော မေးခွန်းများကို စစ်ဆေးကြည့်ရှုပါ၊ သို့မဟုတ် **800-833-3000** ကို တနင်္လာနေ့မှ သောကြာနေ့၊ နံနက် 8:30 မှ ညနေ 4:30 အတွင်း ဖုန်းခေါ်ဆိုပါ။

အွန်လိုင်းဖြင့် ဖိုင်တွဲတင်သွင်းရန်-

- တနင်္လာနေ့မှ ကြာသပတေးနေ့အတွင်း နံနက် 7:30 မှ ညနေ 7:30 အထိ
- သောကြာနေ့ နံနက် 7:30 မှ ညနေ 5 အထိ
- စနေ၊ တနင်္ဂနွေနေ့ အားလပ်ရက်များတွင် နံနက် 12:01 မှစပြီး စနေနေ့ ညနေ 7:00 pm တနင်္ဂနွေနေ့

အခမဲ့ဖုန်း **888-209-8124** သို့လည်း တနင်္လာနေ့မှ သောကြာနေ့၊ နံနက် 8:00 မှ ညနေ 5:00 အတွင်း ဖုန်းခေါ်ဆို၍ ဖိုင်တွဲ တင်သွင်းနိုင်ပါသည်။ ဘာသာပြန် ဝန်ဆောင်မှုများအတွက် 9 ကိုနှိပ်ပါ။ TTY/TDD သုံးစွဲသူများ- ရီလေး အော်ပရေတာကို **800-662-1220** သို့ ဖုန်းခေါ်ဆို၍ အော်ပရေတာအား **888-783-1370** သို့ ဖုန်းခေါ်ရန် တောင်းဆိုပါ။ ဗီဒီယို သို့မဟုတ် အခြား ရီလေး ဝန်ဆောင်မှု သုံးစွဲသူ အမျိုးအစားများအတွက် သင်၏ ရီလေး အော်ပရေတာကို ဖုန်းခေါ်ဆို၍ အော်ပရေတာအား **888-783-1370** သို့ ဖုန်းခေါ်ရန် တောင်းဆိုပါ။

### မည်သည်ကို ဖိုင်တွဲတင်သွင်းရန် လိုအပ်သနည်း။

- သင်၏ လူမှုဖူလုံရေး ကိုယ်ပိုင်နံပါတ်
- သင်၏ နယူးယောက်ပြည်နယ် ယာဉ်မောင်းလိုင်စင် သို့မဟုတ် မော်တော်ယာဉ်
မှတ်ပုံတင်ကတ်နံပါတ်(တစ်ခုခုရှိပါက)
- သင်၏ စာပို့ရန်လိပ်စာနှင့် ဇစ်ကုဒ် အပြည့်အစုံ
- တနင်္လာနေ့မှ သောကြာနေ့၊ နံနက် 8:00 မှ ညနေ 5:00 အတွင်း သင့်အား ကျွန်ုပ်တို့ ခေါ်ဆိုနိုင်မည့် ဖုန်းနံပါတ်
- သင်၏ နိုင်ငံခြားသား မှတ်ပုံတင်ကဒ်နံပါတ်(အမေရိကန်နိုင်ငံသားမဟုတ်ဘဲ ကဒ်တစ်ခုရှိပါက)
- အခြားပြည်နယ်များအပါအဝင် လွန်ခဲ့သည့် 18 လအတွင်း သင်၏ အလုပ်ရှင်အားလုံး၏ အမည်နှင့် လိပ်စာ
- အလုပ်ရှင်မှတ်ပုံတင်နံပါတ် သို့မဟုတ် သင်၏ လတ်တလောအဖြစ်ဆုံး ဖယ်ဒရယ် အလုပ်ရှင် မှတ်ပုံတင်နံပါတ် (FEIN)(FEIN သည် သင်၏ W-2 ဖောင်ပုံစံများပေါ်တွင်ရှိသည်)
- သင်သည် ဖယ်ဒရယ် ဝန်ထမ်းဖြစ်ပါက သင်၏ SF8 နှင့် SF50 ဖောင်ပုံစံ မိတ္တူများ
- သင်သည် စစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့ပါက သင်၏ လတ်တလောအဖြစ်ဆုံး
ခွဲခြားမှု ဖောင်ပုံစံ (DD 214)

အဆိုပါ စာရွက်စာတမ်းအားလုံးမပါဘဲ တောင်းဆိုမှု တင်သွင်းနိုင်ပါသည်။ သို့ရာတွင် သတင်းအချက်အလက် လိုအပ်နေပါက သင်၏ ပထမဆုံး ငွေပေးချေမှု နှောင့်နှေးနိုင်ပါသည်။

ဝဘ်စာမျက်နှာများကို ပရင့်မထုတ်နိုင်ပါက၊ သတင်းအချက်အလက် ကူးယူရန် ဘောပင်နှင့် စာရွက်တစ်ခု အနားတွင်ထားရှိပါ။

သင်၏ တောင်းဆိုမှုကို အွန်လိုင်းမှာ ဖိုင်တွဲတင်ပြီး သင်၏ အကျိုးခံစားခွင့်များကို သင်၏ ဘဏ်အကောင့်ထဲသို့ တိုက်ရိုက်ထည့်သွင်းလိုပါက၊ သင့်ဘဏ်ရှုတင်းနှင့် ချက်ကင် အကောင့်နံပါတ်ပါရှိသည့် ချက်လက်မှတ်တစ်ခုလိုအပ်မည်ဖြစ်သည်။

## တောင်းဆိုမှုကို ဖိုင်တွဲတင်ရန် အကူအညီ မည်သို့ရယူနိုင်သနည်း။

သင့်တွင် မသန်စွမ်းမှု သို့မဟုတ် ဘာသာစကား အခက်အခဲရှိပြီး တောင်းဆိုမှု ဖိုင်တွဲတင်ရန် အကူအညီလိုပါက မိတ်ဆွေ သို့မဟုတ် ဆွေမျိုးတို့မှ ကူညီပေးနိုင်သည်။ သို့ရာတွင်-

- သင့်အား ၎င်းတို့ ကူညီသည့်အခါနှင့် သင်၏ PIN ကို အသုံးပြုသည့်အခါတိုင်း သင်၏ကူညီသူနှင့်အတူ သင်ရှိနေရမည်။
- သင်၏ကူညီသူ၏ အပြုအမူများအတွက် သင့်တွင် တာဝန်ရှိသည်
- သင်၏ကူညီသူမှ သင့်အားကူညီသည့်အခါ သင်ရှိမနေပါက၊ အကျိုးခံစားခွင့် ရုပ်သိမ်းခံရခြင်းအပါအဝင် ပြစ်ဒဏ်များခံရနိုင်သည်။

## အပတ်စဉ် အကျိုးခံစားခွင့်/အကျိုးခံစားခွင့်အတွက် မှန်ကန်ကြောင်းသက်သေကို မည်သို့ တောင်းဆိုရမည်နည်း။

သင်၏တောင်းဆိုမှုကို ဖိုင်တွဲတင်ပြီးနောက် သင်ဆက်လက် အလုပ်လက်မဲ့ဖြစ်သည့် အပတ်တိုင်းအတွက် အပတ်စဉ် အကျိုးခံစားခွင့်ကို သင်တောင်းဆိုရမည်ဖြစ်သည်။ ယင်းကို **https://unemployment.labor.ny.gov** တွင် အွန်လိုင်း သို့မဟုတ် ကျွန်ုပ်တို့၏ တယ်လီဖုန်းဝန်ဆောင်မှု အခမဲ့ဖုန်းလိုင်းတွင် **888-581-5812** ဖုန်းခေါ်ဆိုခြင်းဖြင့် ပြုလုပ်နိုင်သည်။

အပတ်စဉ် အကျိုးခံစားခွင့်များကို သင်တောင်းဆိုသည့်အခါ၊ မေးခွန်းစဉ် အများအပြားကို သင့်အား မေးမြန်းလိမ့်မည်။ သင်သည် အလုပ်သမားဌာနကို မှန်ကန်ကြောင်းသက်သေခံနေသည့်အတွက် သင်၏ အဖြေများမှာ စစ်မှန်၍ မှန်ကန်ကြောင်း ရိုးရိုးသားသား ဖြေဆိုရန် အရေးကြီးပါသည်။ ထိုအတွက်ကြောင့် အဆိုပါလုပ်ငန်းစဉ်ကို "အကျိုးခံစားခွင့်များအတွက် မှန်ကန်ကြောင်းသက်သေခံခြင်း"ဟုလည်း ခေါ်ဆိုရခြင်းဖြစ်သည်။

အလုပ်လက်မဲ့ အာမခံ၏ ရည်ရွယ်ချက်အတွက် ရက်သတ္တပတ် တစ်ပတ်သည် တနင်္လာနေ့မှ တနင်္ဂနွေနေ့ အထိဖြစ်သည်။ အများစုသည် ယခင်အပတ်အတွက် အပတ်စဉ် အကျိုးခံစားခွင့်များကို တနင်္ဂနွေနေ့တွင် တောင်းဆိုလေ့ရှိသည်။ သို့ရာတွင် ထိုသို့တောင်းဆိုရန် နောက်တပတ် စနေနေ့အထိ သင့်တွင် အချိန်ရှိပါသည်။

ဥပဒေအရ သင်၏ တောင်းဆိုမှု၏ ပထမဆုံးအပတ်မှာ စောင့်နေသည့်အပတ်ဖြစ်သည်။ ဤအပတ်အတွက် အကျိုးခံစားခွင့်ကို သင်ရရှိလိမ့်မည်မဟုတ်ပါ၊ သို့သော် သင်သည် အလုပ်ရှာဖွေရန် အဆင့်ရှိ၊ ဆန္ဒရှိ၍ ရှာဖွေနေရမည်ဖြစ်သည်။

## အကျိုးခံစားခွင့်များကို မည်သည့်အချိန်တွင် စတင်ရရှိမည်နည်း။

အကယ်၍ သင်သည် အရည်အချင်းပြည့်မီပြီး တောင်းဆိုမှုတွင် ပြဿနာတစ်စုံတစ်ရာမျှ မရှိပါက၊ သင်သည် သင်၏ ပထမဆုံး ငွေပေးချေမှုကို သင်လက်ခံရရှိသည့်အခါတွင် သင့် တောင်းဆိုမှုကို တင်သွင်းသည့်အချိန်မှစပြီး သုံးပတ်မှ ခြောက်ပတ်အထိ ကြာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သင်၏ လျှောက်လွှာကို ကျွန်ုပ်တို့ ပြန်လည်သုံးသပ်ပြီး လုပ်ငန်းစဉ်ဆောင်ရွက်ရသောကြောင့် ဖြစ်သည်။ ဤအချိန်၌ အကျိုးခံစားခွင့်များ
ကို သင်ရရှိမည်မဟုတ်ပါ။ အရည်အချင်းပြည့်မီသည်ဟု တွေ့ရှိရပါက သင့်အား တင်ရှိသည့် အကျိုးခံစားခွင့်များအားလုံးကို သင်ရရှိလိမ့်မည်။

## ကျွန်ုပ်၏အကျိုးခံစားခွင့်များကို အဘယ်သို့ရရှိမည်နည်း။

အလုပ်လက်မဲ့ အာမခံ အကျိုးခံစားခွင့်ကို အွန်လိုင်းမှ လျှောက်ထားခဲ့ပါက၊ သင်၏ အကျိုးခံစားခွင့်များကို လက်ခံရရှိရန် တိုက်ရိုက်ငွေသွင်းမှု သို့မဟုတ် ဒက်ဘစ်ကဒ်ဖြင့် ရရှိလိုခြင်းရှိမရှိ သင့်အား မေးလိမ့်မည်။ ဖုန်းဖြင့် လျှောက်ထားခဲ့ပါက သင်၏ အကျိုးခံစားခွင့်များကို ဒက်ဘစ်ကဒ်ဖြင့် ရရှိလိမ့်မည်။ အကျိုးခံစားခွင့်များကို
ချက်လက်မှတ်ဖြင့် ထုတ်ပေးခြင်းမရှိတော့ပါ။ေ

## နောက်ထပ် သတင်းအချက်အလက်

အကျိုးခံစားခွင့်များကို သင်လျှောက်ထားပြီးနောက် ငွေကြေးဆိုင်ရာ အကျိုးခံစားခွင့် ဆုံးဖြတ်ချက်ဟု ခေါ်သည့် အကြောင်းကြားစာတစ်စောင်ကို စာဖြင့်ရရှိလိမ့်မည်။ ကျေးဇူးပြု၍
၎င်းကို ချက်ချင်းဖတ်ရှုပါ။ ၎င်းက အလုပ်လက်မဲ့ အာမခံ အတွက် အရည်အချင်း
ပြည့်ရန်အတွက် သင့်တွင် ဝင်ငွေအလုံအလောက်ရှိမရှိ သင့်အား ပြောလိမ့်မည်။ သင်၏ဝင်ငွေအားလုံးကို အကြောင်းကြားစာတွင် ဖော်ပြထားခြင်းရှိမရှိကိုလည်း ၎င်းက ပြောလိမ့်မည်။ အရေးကြီးသည်- ငွေကြေးဆိုင်ရာ အကျိုးခံစားခွင့် ဆုံးဖြတ်ချက်က သင် အကျိုးခံစားခွင့်များကို သေချာပေါက်ရရှိလိမ့်မည်ကို မပြောပါ။ အရည်အချင်းပြည့်ရန်အတွက် သင့်တွင် ဝင်ငွေအလုံအလောက်ရှိမရှိကိုသာ သင့်အားပြောပြခြင်းဖြစ်သည်။ လိုအပ်ချက်အားလုံးပြည့်မီပါက သင်၏ အကျိုးခံစားခွင့်များ ရိုးရှင်းစွာပင် စတင်ရရှိလိမ့်မည်။ အရည်အချင်းမပြည့်မီမှုကို တွေ့ရှိရပါက၊ ကျွန်ုပ်တို့ထံမှ စာတစ်စောင်ကို သင်ရရှိလိမ့်မည်။

သင်၏လိပ်စာနှင့် ဖုန်းနံပါတ်ကို နောက်ဆုံးအချက်အလက်နှင့်အညီမထားရှိပါက အကျိုးခံစားခွင့်များကို သင်ဆုံးရှုံးနိုင်သည်။ အလုပ်လက်မဲ့ အာမခံစာကို စာတိုက်မှ တဆင့်ပေးပို့ခြင်းမရှိပါ။

ရရှိလာမည့် အကျိုးခံစားခွင့်များ နှောင့်နှေး သို့မဟုတ် ငြင်းပယ်ခံရခြင်းမရှိစေရန် မေးခွန်းလွှာအားလုံးကို ချက်ချင်းပြန်ပေးပို့ပါ။

## နောက်ထပ် အချက်အလက်များအတွက်

အလုပ်လက်မဲ့ အာမခံတွင် ကြည့်ရှုပါ- ဤအချက်အလက်များ စာရွက်ထဲတွင် ဆွေးနွေးထားသည့် ခေါင်းစဉ်များနှင့်ပတ်သက်သော နောက်ထပ် အချက်အလက်များအတွက် တောင်းဆိုသူ လက်စွဲစာအုပ်ကို **dol.ny.gov/unemployment-insurance-claimant-handbook** တွင် တွေ့နိုင်သည်။ သင်၏တောင်းဆိုမှု ဖိုင်တွဲ တင်သွင်းသည့်အချိန်က ဤလက်စွဲစာအုပ်ကို ရရှိရန် ရွေးချယ်ထားခဲ့ပါက သင့်လား ပေးပို့လိမ့်မည်။

မေးလေ့ရှိသည့် မေးခွန်းများကို ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ် **dol.ny.gov/claimant-frequently-asked-questions** တွင်တွေ့ရှိနိုင်ပါသည်။

သင်၏တောင်းဆိုမှု သို့မဟုတ် ၎င်း၏အခြေအနေနှင့်ပတ်သက်သော တိကျသည့် မေးခွန်းတစ်ခုရှိပါက် **https://unemployment.labor.ny.gov** တွင် ကျွန်ုပ်တို့ထံသို့ လုံခြုံစိတ်ချရသည့် မက်ဆေ့ချ်တစ်ခု ပေးပို့ပါ။ ကျွန်ုပ်၏ အွန်လိုင်း ဝန်ဆောင်မှုများ စာမျက်နှာ၏ လက်ယာဘက် အပေါ်ပိုင်းတွင်ရှိသည့် စာအိတ်ပုံ အိုင်ကွန်ပေါ် တွင် နှိပ်၍ သင်၏ အွန်လိုင်း အကောင့်သို့ ဆိုင်းအင်ဝင်ပါ။ သို့မဟုတ် ကျွန်ုပ်တို့၏ တယ်လီဖုန်း တောင်းဆိုမှုများ စင်တာသို့ **888-209-8124** တွင် ဖုန်းခေါ် ဆိုပါ။ တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက် ပြီးနောက်နေ့တို့သည် ဖုန်းခေါ် ဆိုမှုများအတွက် အလုပ်အများဆုံးနေ့ရက်များဖြစ်သည်။ ကြာသပတေးနေ့နှင့် သောကြာနေ့များမှာ ပို၍အလုပ်ပါးသည်။



နယူးယောက်ပြည်နယ် အလုပ်သမားဌာနသည် တန်းတူညီမျှသော အခွင့်အလမ်းများ ထောက်ပံ့ပေးသည့် အလုပ်ရှင်/အစီအစဉ်တစ်ခု ဖြစ်သည်။ မသန်စွမ်းသည့် တစ်ဦးတစ်ယောက်စီအနေနှင့် တောင်းဆိုမှု ပြုလုပ်သည့်အပေါ် တွင်မူတည်ပြီး အပိုဆောင်း ပံ့ပိုးထောက်ပံ့မှုများ နှင့် ဂန်ဆောင်မှုများတို့ကို ရရှိနိုင်ပေသည်။

NEW YORK STATE OF OPPORTUNITY. Department of Labor